# ဖြစ်နိုင်ချေရှိသောသူကိုရှာဖွေခြင်း

FINDING THE PERSON OF PEACE – IDMM

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား/သူ) သည်

၁. လူ့အသိုင်းအဝိုင်းတစ်ခုထဲသို့ အဘယ်ကဲ့သို့ဝင်ရောက်ရန်နှင့် ဖြစ်နိုင်ချေရှိသူအား အဘယ်ကဲ့သို့ရှာဖွေရမည်ကို နားလည်သဘောပေါက်နိုင်လိမ့်မည်။

၂. စကား နှင့် အပြုအမူ အားဖြင့် ချစ်ခြင်းမေတ္တာကို အဘယ်သို့ပြသရမည်ကို နားလည်သဘောပေါက်နိုင် လိမ့်မည်။

၃. သူတို့သည်လည်းတပည့်တော်များဖြစ်စေနိုင်ပြီး၊ ရှာဖွေတွေ့ရှိသာအဖွဲ့တစ်ဖွဲ့ကိုစတင်နိုင်သည် ဟုလုံ့ဆော်နိုင်လိမ့်မည်။

**သင်တန်းမှူးများအတွက်ချိုငုံသုံးသပ်ခြင်း-** ယေရှုသည် ရှင်လုကာ ၁၀ နှင့် ရှင်မဿဲ ၁၀ တွင် တပည့်တော်ဖြစ်စေခြင်းနှင့် လူ့အသိုင်းအဝိုင်းကြီးထွားတိုးတက်လာခြင်းအတွက် ပုံစံတစ်ခုကို ကျွန်တော်တို့အားပေးခဲ့သည်။ ဤကျမ်းပိုဒ်များတို့သည် IDMM အား အဓိကကျသောသော့ချက်ဖြစ်သည်။

**သရုပ်ဖေါ်ပြသခြင်း- အသင်းခေါင်းဆောင်သည် အသင်းသား၊သူများနှင့်စကားပြောနေသည်။ (၅")**

**ပထမပုဂ္ဂိုလ်** - ဟယ်လို.. မင်္ဂလာပါ ညီအစ်ကိုမောင်နှမများ! ဘယ်လိုလဲ၊ နေကောင်းကြပါသလား။

**ဒုတိယပုဂ္ဂိုလ်-** ဟုတ်၊ကောင်းပါတယ်။ ကျွန်တော်တို့သည် တောင်ကုန်းရွာ တွင် ရှိသော ဂါမာခေါ် သော ရွာသို့သွားနေပါသည်။

**ပထမပုဂ္ဂိုလ်-** အို၊ ဟုတ်သားပဲ။ ဘာတွေဖြစ်ပျက်နေသလဲ။ သင်တို့ဖြစ်နိုင်ချေရှိသော သူကို ရှာတွေ့ခဲ့ပြီလား။

**ဒုတိယပုဂ္ဂိုလ်-** အေး၊ ကျွန်တော်တို့သည် နေရာများစွာသွားရောက်ခဲ့ပေမယ့် ဖြစ်နိုင်ချေရှိသောသူအား ခုထိရှာမတွေ့သေးဘူး။

**ပထမပုဂ္ဂိုလ်-** အို၊တကယ်လား။ ကြားရတာကျွန်တော်ဝမ်းနည်းပါတယ်။ အကြောင်းပြချက်က ဘာလို့သင်ထင်မိသလဲ။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်သေချာသိချင်မိတယ်။ ဖြစ်နိုင်တာက ကျွန်တော်ဆုတောင်းခြင်းအားနည်းလို့ပဲ။

**-------SHO မေးခွန်းများ----------------**

S= သင်ဘာကို**မြင်**သနည်း။

H= ဘာတွေ**ဖြစ်ပျက်**ခဲ့သနည်း။

O= ဤအရာသည် **ကျွန်တော်တို့**၏နေရာဒေသတွင် ဖြစ်ပျက်နေသလား။

**I. ရှာဖွေတွေ့ရှိထားသောအဖွဲ့- ရှင်လုကာ ၁၀း၁-၁၁ နှင့် ရှင်မဿဲ ၁၀း၅-၁၄ (၁၅")**

**က. ရှာဖွေတွေ့ရှိထားသောအဖွဲ့**

*အဖွဲ့ငယ်- အဖွဲ့နှစ်ဖွဲ့သည် လုကာ ၁၀း၁-၂၂ ကိုင်ငင်း၊ နှစ်ဖွဲ့သည် မဿဲ ၁၀း၅-၁၄ ကို လေ့လာသည်။ တစ်ယောက်က ကျမ်းချက်ကိုဖြည်းညှင်းစွာဖတ်ပါ။ ဤမေးခွန်းများကိုဆွေးနွေးကြပြီး အဖြေများကို အရွယ်အစားကြီးသောစာရွက်ပေါ်တွင်ရေးချပါ။ ပြန်လည်အစီရင်ခံရန် စာရေးသူအား ချိန်းဆိုပါ။*

၁. တပည့်တော်များအားလုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန် ဘာပြောဆိုခဲ့သနည်း။

၂. မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကိုရှာဖွေရန် ခရစ်တော်ကပြောဆိုသနည်း။

## ခ. တပည့်တော်များအား လုပ်ဆောင်ရန် သို့မဟုတ် မလုပ်ဆောင်ရန် ဘာပြောဆိုခဲ့သနည်း။

**လုကာ ၁၀း၁-၁၁**

၁. အငယ် ၂- အလုပ်သမားများအတွက် ဆုတောင်းပါ။

၂. အငယ် ၃- ဘက်ပေါင်းစုံမှအန္တရာယ်နှင့်အတူတကွသွားခြင်း၊

၃. အငယ် ၄- အိတ်များကို ချန်ထားပါ။

၄. အငယ် ၄- အချိန်ကိုမဖြုန်းတီးပါနှင့်။

၅. အငယ် ၅- မင်္ဂလာပါဟု နှုတ်ဆက်ပါ။

၆. အငယ် ၆- အကယ်၍ခွင့်ပြုသော တုံ့ပြန်မှုရှိလျှင် မင်္ဂလာရှိစေသတည်း ဟုကောင်းကြီးပေးပါ။

၇. အငယ် ၇ - ထိုသူတို့နှင့်မိတ်သဟာရဖွဲ့ပါ။

၈.အငယ်၉- လိုအပ်သောနေရာတွင် လူနာများအား ကျန်းမာခြင်း ရရှိရန်အတွက် ဘုရားသခင်ထံ ဆုတောင်းပါ။

၉. အငယ် ၉ - သူတို့အားပြုစုပေးပါ။

၁၀ အငယ်၉ - ဘုရားသခင်၏နိုင်ငံတော်အကြောင်းကိုဟောပြောပါ။

**မဿဲ ၁၀း၅-၁၄**

၁. အငယ် ၅-၆ - ဘုရားသခင်စေလွှတ်တော်မူသောနေရာသို့ သွားပါ။

၂. အငယ် ၁၁ - မေးမြန်းပါ၊ ရှာဖွေပါ၊ မည်သူမည်ဝါဖြစ်ကြောင်းကို ဖေါ်ထုတ်ပါ။

၃. အငယ် ၁၁ - ထိုက်တန်သောသူတို့နှင့်အတူ အချိန်ကိုအသုံးချပါ။

၄. အငယ် ၁၂ - မင်္ဂလာပါ ဟုနှုတ်ဆက်ခြင်းကို ပြုပါ။

၅. အငယ် ၁၃ - မင်္ဂလာရှိစေသတည်း ဟု ကောင်းကြီးပေးပါ။

၆. အငယ် ၁၄ - ဘုရားသခင်၏နိုင်ငံတော်အကြောင်းကိုဟောပြောပါ။

၇. အငယ် ၁၄ - ရဲရင့်ခြင်းနှင့်မှန်ကန်ခြင်းရှိစေပါ။

## ဂ. မည်ကဲ့သို့သောပုဂ္ဂိုလ်မျိုးကိုရှာဖွေရန် ခရစ်တော်ကပြောဆိုသနည်း။

**လုကာ ၁၀း၁-၁၁**

၁. အငယ် ၅ - သင့်အား သူ၏တံခါးကိုဖွင့်ပေးသူ။

၂. အငယ် ၆ - သင်၏ကောင်းကြီးမင်္ဂလာကို ခံယူပြီး စိတ်ဝင်စားမှုကိုပြသူ။

၃. အငယ် ၇ - သင့်အားသူ၏အိမ်ကိုဖွင့်ပေးသည်။ (ဧည့်ဝတ်ကျေပွန်ခြင်း)

၄. အငယ် ၇ - သင်ကိုတစ်နည်းနည်းဖြင့် အကျိုးပြုရန် ကမ်းလှမ်းသည်။

**မဿဲ ၁၀း၅-၁၄**

၁. အငယ် ၁၃ - သူသည်ထိုက်တန်သောသူဖြစ်သည်။

၂. အငယ် ၁၃ - သူ၏နေအိမ်၌ ဩဇာလွှမ်းမိုးမှုရှိသည်။

၃. အငယ် ၁၄ - သင့်အားလက်ခံသည်။

၄. အငယ် ၁၄ - သင်၏စကားများကို ကြားနာသည်။

**ဤပုဂ္ဂိုလ်အားကျွန်တော်တို့မည်သို့ခေါ်မည်နည်း။ - ဖြစ်နိုင်ချေရှိသောပုဂ္ဂိုလ်**

II. **ဖြစ်နိုင်ချေရှိသောပုဂ္ဂိုလ် (၁၅")**

**က. သမ္မာသစ်ကျမ်းတွင် မည်သူတို့သည် ဖြစ်နိုင်ချေရှိသောသူ၏ပုံဥပမာများ ဖြစ်ကြသနည်း။**

စုပေါင်းအဖွဲ့တွင် စဉ်းစား အဖြေရှာနည်း ကိုသုံးရန်။ အောက်တွင်
မီးမောင်းထိုးပြချက်နစ်ချက်။

၁. ရေတွင်းမှာ မိန်းမ (ယောဟန် ၄း၃၉-၄၂)- ရှမာရိမိန်းမသည် ယုံကြည်လက်ခံပြီး လူ့အသိုင်းအဝိုင်းအားဝေငှသည်။ သူမ၏သက်သေခံခြင်းကြောင့် လူ့အသိုင်းအဝိုင်းသည် အမြင်ပွင့်လင်းလာပြီး များစွာသောလူတို့သည် ယုံကြည်လက်ခံကြသည်။

၂. ကောနေလိ (တမန်တော် ၁၀း၁-၂၇)- ပေတရုသည် ဧဝံဂေလိသတင်းကောင်းပျံ့နှံ့စေရန် အတွက်ကူညီရန် ဘုရားသခင်ပြင်ဆင်တော်မူသောရောမလူတစ်ဦးအားရှာဖွေရန် စေလွှတ်ခြင်း ကို ခံရသည်။ ရောမလူမျိုးကောနေလိအားဖြင့် ဧဝံဂေလိသတင်းကောင်းသည် တိုင်းတစ်ပါး တိုင်းပြည်များ (ဂျူးတိုင်းပြည်မဟုတ်) သို့ ပျံ့နှံ့သွားသည်။ ကောနေလိမပါဝင်ဘဲ ပေတရုသည် ရောမလူမျိုးအုပ်ချုပ်သောတိုင်းပြည်များတွင် ဟောပြောနိုင်ရန်အလွန်ကန့်သတ်ခြင်းကို ခံခဲ့ရသည်။

၃. အခြားသောပုံဥပမာများ

- က. ယောဟန် ၁၂း၉-၁၁ - လာဇရု
- ခ. မာကု ၅း၁-၂၀ - နတ်ဆိုးစွဲသူတစ်ဦး
- ဂ. တမန်တော် ၉း၃၂-၃၅ -အဲနေ
- ဃ. တမန်တော် ၉း၃၆-၄၂ - ဒေါ်ကာ
- င. တမန်တော် ၁၆း၁၁-၁၅- လုဒိ
- စ. တမန်တော် ၁၆း၂၉-၃၄ -ဖိလိပ္ပိမြို့၌ ထောင်မှူး
- ဆ.တမန်တော် ၁၈း၆-၁၁ - ကောရိန္တုမြို့၌ ယုတတ္တုနှင့် ကရိပ္ပု

**ခ. ဖြစ်နိုင်ချေရှိသောသူ၏ထူခြားသောပင်ကိုလက္ခဏာများမှာ အဘယ်နည်း။**

စုပေါင်းအဖွဲ့တွင် စဉ်းစား အဖြေရှာနည်း ကိုသုံးရန်။ ရွေးချယ်မှုတစ်ခုက စာရေး
ပြုစုသူအား အရွယ်အစားကြီးသောစာရွက်ပေါ်တွင် အဖြေများကိုရေးချရန်တောင်းဆိုပါ။

၁. အပြင်လူအားကူညီရန် တစ်စုံတစ်ယောက် သည် လူမှုကွန်ယက်များ ရယူ သုံးစွဲခြင်း ကို ရရှိသည်။

၂. သြဇာ၊ အရှိန်အဝါရှိသူ

၃. ယုံကြည်သူစုဝေးရာတစ်ခုအမှန်ဖြစ်လာစေမည့်လူတို့အား စုဆောင်းသည်။

၄. အပြစ်သားတစ်ဦး သို့မဟုတ် ဘုရားသခင်ကိုကြောက်ရွံ့သူတစ်ဦးဖြစ်နိုင်သည်။

၅. ဆုတောင်းခြင်းအားဖြင့် အနာရောဂါ ငြိမ်းခြင်း အခွင့် ရရှိသူ သို့မဟုတ် လွှတ်မြောက်ခွင့်ရရှိခဲ့သူ တစ်ဦးဦးဖြစ်နိုင်သည်။

၆. နိုင်ငံတော်၏သတင်းစကားအတွက် ဝေငှရန်နှင့်ကြားနာရန် လမ်းပွင့်သည်။

၇. ဧည့်ဝတ်ကျေပွန်ခြင်း၊

၈. မိတ်ဆွေပီသခြင်း၊

၉.့ အခြားသူများအား ဝေငှရန်နှင်သင်ကြားပေးရန် လှုံ့ဆော်ခြင်းခံရသူတစ်ဦး

**၈. ကျွန်တော်တို့သည် ဖြစ်နိုင်ချေရှိသူအား အဘယ်ကဲ့သို့ ဖေါ်ထုတ်နိုင်သနည်း။**
**သူတို့၏အိမ်သူအိမ်သားများ (oikos)တို့နှင့်အတူ တွေ့ဆုံရန် အဘယ်သို့စတင်နိုင်သနည်း။**

မှတ်စုကိုပြန်လည်ကြည့်ရှုခြင်း။

၁. အလုပ်သမားများအတွက် ဆုတောင်းပေးပါ။
၂. သင့်အားဘုရားသခင်စေလွှတ်သောနေရာသို့သွားပါ။ (ဘေးအန္တရယ်ရှိနေသော်လည်း၊ အရင်းအမြစ်အင်အားများကင်းမဲ့နေသော်လည်း)
၃. သိသာမြင်သာခြင်းနှင့်တကွ မေးခွန်းများကို မေးမြန်းပါ။
၄. ဖြစ်နိုင်ချေရှိသူထံသို့သွားလည်ပါ၊ သူ/သူမနှင့် မိသားစုနှင့်အတူစကားပြောဆိုပါ။
၅. မင်္ဂလာပါ ဟု နှုတ်ဆက်ခြင်းကိုပြုပါ။ ဝိညာဉ်ရေးရာစိတ်ဝင်စားမှုမေးခွန်းများကို မေးမြန်းပါ။
၆. အကယ်၍ခွင့်ပြုသောတုံ့ပြန်မှုရှိလျှင် မင်္ဂလာရှိစေသတည်း ဟုကောင်းကြီးပေးပါ။ ဧဝံဂေလိသတင်းကောင်းရေးရာမေးခွန်းများကို မေးမြန်းပါ။
၇. ဖြစ်နိုင်ချေရှိသူနှင့်မိသားစုနှင့်အတူ အချိန်များစွာအသုံးချပါ။
၈. ထိုသူတို့နှင့်မိတ်သဟာရဖွဲ့ပါ။
၉. သူတို့အားပြုစုပေးပါ။
၁၀. ရဲရင့်ခြင်းနှင့်မှန်ကန်ခြင်းရှိစေပါ။

} နိုင်ငံတော်အကြောင်းနှင့်ဧဝံဂေလိသတင်းကောင်းကို ဟောပြောပါ။

## III. လေ့ကျင့်ရန်တုပဖန်တီးခြင်းလှုပ်ရှားမှု (20”)

**ညွှန်ကြားချက်များ-**

အခန်းပြင်ပ သို့ ပါဝင်သူတစ်ယောက်ကို စေလွှတ်ပါ။ သူသည် ခင်မင်ရင်းနှီးမှု ရှိပြီး ဂိညာဉ်ရေးရာ စကားပြောဆိုမှုတွင် ပါဝင်ရန် ကြိုးစားခြင်းအားဖြင့် ဖြစ်နိုင်ချေရှိ သူကိုရှာဖွေရန် ညွှန်ကြားပါ။ အခန်းထဲသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် သူသည် ဖြစ်နိုင်ချေရှိသူတစ်ဦးအား ရှာဖွေရာဒေသတစ်ခုသို့ဝင်ရောက်သော အပြင်လူတစ်ဦးကဲ့သို့ ဟန်ဆောင်နေရ မည်။

ကျန်ရှိသောပါဝင်သူများအား အောက်ပါကဲ့သို့ ညွှန်ကြားပါ။

၁. အလုပ်အကိုင်များ၊ အားကစားများ စသည်ဖြင့် ပုံစံတူသောလူ့အသိုင်းအဝိုင်းတစ်ခုဖြစ်စေပါ။
၂. ဖြစ်နိုင်ချေရှိသောသူ ဖြစ်နိုင်မည့် ၂-၃ဦးကို ရွေးချယ်ပါ။ သူတို့သည်နှုတ်ဆက်ခြင်းကိုရရှိသောအခါ လာလည်သူအားလမ်းဖွင့်ပေးမည်၊ သူတို့ကို ဧည့်ဝတ်ပြုရန်ကမ်းလှမ်းမည်၊ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်းကို နားထောင်သည်၊ အပြင်လူကို သူတို့၏မိတ်ဆွေများနှင့် မိတ်ဆက်ပေးသည်။
၃. အခြားသောသူအားလုံးတို့သည် အာရုံမပြု၊ ပိတ်ထားသည်၊ ရန်မူသည်၊ စိတ်ဝင်စားမှုမရှိ၊ ဆန့်ကျင်သည် စသည်ဖြင့်............ သူတို့သည် ဝိညာဉ်ရေးရာကိစ္စရပ်များကို ပြောဆိုလိုခြင်းမရှိပေ။

ပါဝင်သူတစ်ယောက်သည် အခန်းထဲသို့ပြန်လည်ဝင်ရောက်လာပြီး လူတို့အားနှုတ်ဆက်ခြင်းနှင့်ဖြစ်နိုင်ချေရှိသူကိုဖေါ်ထုတ်ရန် သူ၏လိုက်လံရှာဖွေခြင်းများ ကို ဝိညာဉ်ရေးရာစိတ်ဝင်စားမှု မေးခွန်းများကို မေးမြန်းသည်။ သူသည် ဖြစ်နိုင်ချေ ရှိသောသူ ကို တွေ့သော အခါ ဝိညာဉ်ရေးရာစကား စမြည်ပြောဆိုခြင်းထဲသို့ ဝင်ရောက်သည်။

**အတွေ့အကြုံဆောင်ရွက်ချက်များကို မေးမြန်းမှတ်သားခြင်း။**

၁. အပြင်လူသည် ဖြစ်နိုင်ချေရှိသောသူအားလိုက်လံရှာဖွေရာတွင်အသုံးပြုခဲ့သောလုပ်နည်းကိုင်နည်း လုပ်ဆောင်ချက်အစီအစဉ်ကား အဘယ်နည်း။
၂. ဖြစ်နိုင်ချေရှိသောသူများအားလုံး ဖေါ်ထုတ်ခံခဲ့ရပါသလား။ အခြားသူများ ကား အဘယ်သူနည်း။

## IV. IDMM လုပ်ဆောင်ချက်အစီအစဉ်တွင် လာမည့်ဇာတ်ခုံ

က. နောက် အဆင့်များ

၁. ဖြစ်နိုင်ချေရှိသောသူသည် အပြင်လူကို သူ၏မိသားစုနှင့် အရင်းနှီးဆုံးသော မိတ်ဆွေများအား မိတ်ဆက်ပေးသည်။

၂. ကြီးမြတ်သောပုံပြင်နှင့် စက်ဝန်းလေးခု (ဘုရားသခင်၊ အခြားသူများ၊ မိမိကိုယ်မိမိ၊ ဖန်ဆင်းခြင်းအရာ) တို့အကြောင်းကို ဝေမျှသည်။

၃. ယေရှု၏သတင်းကောင်းကို ဝေမျှသည်၊ ခရစ်တော်ကိုလက်ခံရန်ဆုတောင်းရန် အခွင့်အရေးပေးပါ။

၄. ယေရှုသည် ဉာဏ်ပညာ၊ အရာရာ တို့၌ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ အဘယ်ကဲ့သို့ကြီးထွားခဲ့သည်နှင့် ကျွန်တော်တို့သည် ကိုယ်တော်၏နောက်လိုက်များဖြစ်ကြသကဲ့သို့ ထိုနည်းတူကြီးထွားရမည်ကို ဝေမျှပါ။

၅. ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ဖွဲ့ကိုစတင်ပြီး အခြားသူများကိုသင်ကြားပေးခြင်းနှင့် ကျန်းမာရေး သို့မဟုတ် လူမှုရေးရာကြောင်းအရာများကိုဆွေးနွေးခြင်းနှင့်အတူ သမ္မာကျမ်းစာကို အဘယ်ကဲ့သို့ လေ့လာရှာဖွေခြင်း၊ နာခံခြင်းတို့ကို လွယ်ကူချောမောစေရန် ပုံစံပြပါ။

၆. ဆွေးနွေးမှု အနည်းငယ် ပြီးနောက် ရှာဖွေ တွေ့ ရှိ မှု အဖွဲ့အား ဖြစ်နိုင်ချေရှိသူ သို့မဟုတ် အပြင်လူကသင်ကြားပေးထားသော အခြားဒေသခံတစ်ဦး က ပံ့ပိုးပေးသည်။

## V. နိဂုံးချုပ်

ဖြစ်နိုင်ချေရှိသောသူသည် သူ/သူမ၏လူ့အသိုင်းအဝိုင်းကို ကြီးထွားတိုးတက်စေရန်အတွက် **ချန်ပီယံ**တစ်ဦး ဖြစ်သည်။ သူ/သူမသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားပိုင်းဆိုင်ရာနှင့်ဝိညာဉ်ပိုင်းဆိုင်ရာပြောင်းလဲရန်လိုအပ်မှုကို မှတ်မိလိမ့်မည်။

**ကိုးကားချက်များ-** တစ်ဦးမှတစ်ဦး အလွယ်တကူ တပည့်တော်ဖြစ်စေခြင်း၊ ဒါဝိဒ် ဝက်ဆင်

**ရုပ်တည်မှု-** သင်တန်းမှူးများသည် ယေရှုနောက်သို့လိုက်နေသော ဆက်ကပ်အပ်နှံထားသော တပည့်တော်များဖြစ်စေသူများဖြစ်ကြသည်။

**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများတို့သည် တပည့်တော်ဖြစ်စေသူများတိုးပွါးများပြားလာစေရန် ရှာဖွေတွေ့ရှိသောအဖွဲ့လုပ်ဆောင်ချက်အစီအစဉ်ကို အသုံးပြုနိုင်လိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းမှူးတို့သည် သင်တန်းသား၊သူများ သည်တပည့်တော်ဖြစ်စေခြင်း သာသနာလုပ်ငန်းတစ်ခုတွင်ပါဝင်သောအခါ ဤသင်ခန်းစာ၌ပါဝင်သောအကြောင်းအရာကိုလေ့လာသင်ယူခဲ့ရသည်ဟု သိရှိလိမ့်မည်။

**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်ချပ်များ၊ မှတ်သားရန်ဖောင်တိန်များ၊ တိပ်ပြား၊ သမ္မာကျမ်းစာ၊

- မှတ်စု- ဖြစ်နိုင်ချေရှိသူမည်သူမည်ဝါဖြစ်သည်ကိုထုတ်ဖေါ်ရန် လုပ်ဆောင်ချက်အစီအစဉ်

---

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

## ဖြစ်နိုင်ချေရှိသောသူကိုရှာဖွေခြင်း- စတင်သူ

**သရုပ်ဖော်ပြသခြင်း- အသင်းခေါင်းဆောင်သည် အသင်းသားသူများနှင့်စကားပြောနေသည်။**

**ပထမပုဂ္ဂိုလ်** - ဟယ်လို.. မင်္ဂလာပါ ညီအစ်ကိုမောင်နှမများ! ဘယ်လိုလဲ၊ နေကောင်းကြပါသလား။

**ဒုတိယပုဂ္ဂိုလ်**- အေး၊ကောင်းပါတယ်။ ကျွန်တော်တို့ သည် တောင်ကုန်းရွာတွင် ရှိသော ဂါမာခေါ်သော ရွာသို့သွားနေ ပါသည်။

**ပထမပုဂ္ဂိုလ်**- အို၊ဟုတ်သားပဲ။ဘာတွေဖြစ်ပျက်နေသလဲ။ သင်တို့ဖြစ်နိုင်ချေရှိသော သူကိုကော ရှာတွေ့ခဲ့ပြီလား။

**ဒုတိယပုဂ္ဂိုလ်**- အေး၊ ကျွန်တော်တို့သည် နေရာများစွာ သွားရောက်ခဲ့ပေမဲ့ ဖြစ်နိုင်ချေရှိသောသူအား ခုထိရှာမတွေ့သေးဘူး။

**ပထမပုဂ္ဂိုလ်**- အို၊တကယ်လား။ ကြားရတာကျွန်တော်ဝမ်းနည်းပါတယ်။ အကြောင်းပြချက်က ဘာလို့သင်ထင်မိသလဲ။

**ဒုတိယပုဂ္ဂိုလ်**- ကျွန်တော်သေချာသိချင်မိတယ်။ ဖြစ်နိုင်တာက ကျွန်တော်ဆုတောင်းခြင်းအားနည်းလို့ပဲ။

## ဖြစ်နိုင်ချေရှိသောသူကိုရှာဖွေခြင်း- မှတ်စု

**<u>ဖြစ်နိုင်ချေရှိသောသူ၏ထူးခြားသောပင်ကိုလက္ခဏာများမှာ အဘယ်နည်း။</u>**

- အပြင်လူအားကူညီရန် တစ်စုံတစ်ယောက် သည် လူမှုကွန်ယက်များ ရယူ သုံးစွဲခြင်း ကို ရရှိသည်။
- ဩဇာ၊ အရှိန်အဝါရှိသူ
- ယုံကြည်သူစုဝေးရာတစ်ခုအမှန်ဖြစ်လာစေမည့်လူတို့အား စုဆောင်းသည်။
- အပြစ်သားတစ်ဦး သို့မဟုတ် ဘုရားသခင်ကိုကြောက်ရွံ့သူတစ်ဦးဖြစ်နိုင်သည်။
- ဆုတောင်းခြင်းအားဖြင့် အနာရောဂါ ငြိမ်းခြင်း အခွင့် ရရှိသူ သို့မဟုတ် လွတ်မြောက်ခွင့်ရရှိခဲ့သူ တစ်ဦးဦးဖြစ်နိုင်သည်။
- နိုင်ငံတော်၏သတင်းစကားအတွက် ဝေငှရန်နှင့် ကြားနာရန် လမ်းပွင့်သည်။
- ဧည့်ဝတ်ကျေပွန်ခြင်း၊
- မိတ်ဆွေပီသခြင်း၊
- အခြားသူများအား ဝေငှရန်နှင့်သင်ကြားပေးရန် လှုံ့ဆော်ခြင်းခံရသူတစ်ဦး

**<u>ဖြစ်နိုင်ချေရှိသောသူမည်သူမည်ဝါဖြစ်သည်ကိုဖော်ထုတ်ရန် လုပ်ဆောင်ချက်အစီအစဉ်</u>**

၁. အလုပ်သမားများအတွက် ဆုတောင်းပေးပါ။

၂. သင့်အားဘုရားသခင်စေလွှတ်သောနေရာသို့သွားပါ။ (ဘေးအန္တရာယ်ရှိစေကာမူ၊ အရင်းအမြစ်အင်အားများကင်းမဲ့စေကာမူ)

၃. နိုင်ငံတော်ကြောင်းဟောပြောသော တစ်နေရာ သို့မဟုတ် နယ်မြေတစ်ခုသို့ ဝင်သွားပါ။

၄. သိသာမြင်သာခြင်းနှင့်တကွ မေးခွန်းများကို မေးမြန်းပါ။

၅. ဖြစ်နိုင်ချေရှိသူထံသို့သွားလည်ပါ ကိုယ်စားလှယ်/ဖြစ်နိုင်လျှင် သူနှင့် မိသားစု ကို ဆက်သွယ်ပါ။
၆. မင်္ဂလာပါ ဟု နှုတ်ဆက်ခြင်းကိုပြုပါ။ ဝိညာဉ်ရေးရာစိတ်ဝင်စားမှုမေးခွန်းများကို မေးမြန်းပါ။
၇. အကယ်၍ခွင့်ပြုသောတုံ့ပြန်မှုရှိလျှင် မင်္ဂလာရှိစေသတည်း ဟုကောင်းကြီးပေးပါ။ ထို့နောက် ဧဝံဂေလိမေးခွန်းများ ကို မေးပါ။
၈. ကိုယ်စားလှယ်လောင်း၊မိသားစု နှင့် အတူ အချိန် ယူပါ။
၉. ထိုသူတို့နှင့်မိတ်သဟာရဖွဲ့ပါ/ပိုင်းခြားသိမြင်ပါ။
၁၀.နိုင်ငံတော်အကြောင်းနှင့်ဧဝံဂေလိသတင်းကောင်းကို ဟောပြောပါ။
၁၁.သူတို့အားပြုစုပေးပါ။
၁၂. အစဉ်အမြဲရဲရင့်ခြင်းနှင့်မှန်ကန်ခြင်းရှိစေပါ။

**ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ဖွဲ့ကို စတင်ဆောင်ရွက်ခြင်း**

၁. ဖြစ်နိုင်ချေရှိသောသူသည် အပြင်လူကိုသူ၏မိသားစုနှင့် အရင်းနှီးဆုံးသော မိတ်ဆွေများအား မိတ်ဆက်ပေးသည်။
၂. ကြီးမြတ်သောပုံပြင်နှင့် စက်ဝန်းလေးခု (ဘုရားသခင်၊ အခြားသူများ၊ မိမိကိုယ်မိမိ၊ ဖန်ဆင်းခြင်းအရာ) တို့အကြောင်းကို ဝေငှသည်။
၃. ယေရှု၏သတင်းကောင်းကို ဝေငှသည်၊ ခရစ်တော်ကိုလက်ခံရန်ဆုတောင်းရန်အတွက် အခွင့်အရေးပေးပါ။
၄. ယေရှုသည် ဉာဏ်ပညာ၊ အရာရာ တို့၌ ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ အဘယ်ကဲ့သို့ကြီးထွားခဲ့သည်နှင့် ကျွန်တော်တို့သည် ကိုယ်တော်၏နောက်လိုက်များဖြစ်ကြသကဲ့သို့ ထိုနည်းတူကြီးထွားရမည်ကို ဝေငှပါ။
၅. ရှာဖွေတွေ့ရှိသောအဖွဲ့တစ်ဖွဲ့ကိုစတင်ပြီး အခြားသူများကိုသင်ကြားပေးခြင်းနှင့် ကျန်းမာရေး သို့မဟုတ် လူမှုရေးရာကြောင်းအရာများကိုဆွေးနွေးခြင်းနှင့်အတူ သမ္မာကျမ်းစာကို အဘယ်ကဲ့သို့ လေ့လာရှာဖွေခြင်း၊ နာခံခြင်းတို့ကို လွယ်ကူချောမောစေရန် ပုံစံပြပါ။
၆. ဆွေးနွေးမှု အနည်းငယ် ပြီးနောက် ရှာဖွေ တွေ့ ရှိ မှု အဖွဲ့အား ဖြစ်နိုင်ချေရှိသူ သို့မဟုတ် အပြင်လူကသင်ကြားပေးထားသောအခြားဒေသခံတစ်ဦးကပံ့ပိုးပေးသည်။

**သမ္မာကျမ်းစာကိုးကားချက်များ- ငြိမ်သက်ခြင်း၏ရည်ရွယ်ချက်ကိုရှာဖွေခြင်း**
(သင်တန်းမှူးကိုးကားချက်အတွက်သာ- မှတ်စုအတွက်မဟုတ်ပါ)

**ရှင်လုကာခရစ်ဝင် ၁၀း၁-၁၁**
၁ ထိုနောက်မှ သခင်ဘုရားသည်အခြားသောတပည့်တော်ခုနစ်ကျိပ်တို့ကိုခန့်ထားတော်မူ၍၊ ကိုယ် တိုင်
ကြွလေအံ့သောမြို့ရွာအရပ်ရပ်တို့ကို ရှေ့တော်၌နှစ်ယောက်စီနှစ်ယောက်စီစေလွှတ်တော်မူ ၏။
၂ သူတို့အားမိန့်တော်မူသည်ကား၊စပါးရိတ်စရာများစွာရှိ၏။ရိတ်သောသူတို့သည်နည်းကြ၏။ သူတို့ကို
စပါးရိတ်စေခြင်းငှါ စပါးရှင်စေလွှတ်တော်မူမည်အကြောင်း ဆုတောင်းကြလော့။
၃ သင်တို့သွားလေသည်မှာအရာမှာ၊တောခွေးစုထဲသို့သိုးသငယ်တို့ကို စေလွှတ်သကဲ့သို့သင်တို့ကို ငါစေ
လွှတ်၏။
၄ ငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းတို့ကိုမဆောင်ကြနှင့်။ လမ်း၌သွားစဉ်တွင် အဘယ်သူကိုမျှနှုတ်မဆက်ကြ နှင့်။
၅ မည်သည့်အိမ်သို့ဝင်သောအခါ၊ ဤအိမ်၌မင်္ဂလာဖြစ်ပါစေသောဟုသောဟု ရှေ့ဦးစွာပြောကြ လော့။
၆ ထိုအိမ်၌ မင်္ဂလာသားရှိလျှင်၊ သင်တို့မြွက်သောမင်္ဂလာသည်တည်လိမ့်မည်။
၇ သို့မဟုတ်သင်တို့ထံသို့ပြန်လာလိမ့်မည်။ထိုအိမ်၌နေ၍အစားအသောက်စီရင်ရာကိုစားသောက် ကြလော့။
အကြောင်းမူကား၊ လုပ်ဆောင်သော သူသည်အခကိုခံထိုက်ပေ၏။ တအိမ်မှတအိမ်သို့လှည့်လည်၍
မသွားကြနှင့်။
၈ အကြင်မြို့သို့သင်တို့ဝင်၍မြို့သားတို့သည်လက်ခံ၏။ ထိုမြို့၌သင်တို့ရှေ့မှာထည့်သမျှကို စားကြလော့။
လူနာများကိုချမ်းသာပေးကြလော့။
၉ ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၌တည်ထောင်သောအချိန်နီးပြီဟု သူတို့အားဟောပြောကြ လော့။
၁၀ အကြင်မြို့သို့ဝင်၍မြို့သားတို့သည်လက်မခံအံ့၊ထိုမြို့၏လမ်းသို့ထွက်ပြီးလျှင်၊ငါတို့၌ကပ်သော သင်တို့
မြို့၏မြေမှုန့်ကိုငါတို့ခါလိုက်၏။
၁၁ သို့သော်လည်းဘုရားသခင်၏နိုင်ငံတော်သည်သင်တို့၏အနီးသို့ရောက်ကြောင်းကိုသိမှတ်ကြ သည်ဟု
သူတို့အားပြောကြလော့။

**ရှင်မဿဲခရစ်ဝင် ၁၀း၅-၁၄**
၅ ထိုတကျိပ်နှစ်ပါးသောသူတို့ကိုယေရှုသည်စေလွှတ်တော်မူ၍၊သင်တို့သည်တပါးအမျိုးသားတို့ ရှိရာသို့
မသွားကြနှင့်။ရှမာရိရှိရာသို့မသွားကြနှင့်။ရှမာရိမြို့ထဲသို့မဝင်ကြနှင့်။
၆ ဣသရေလအမျိုး၊ ပျောက်လွင့်သောသိုးများရှိရာသို့အရင်သွားကြလော့။
၇ သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဟုသိတင်းကြားပြောကြလော့။
၈ နာသောသူတို့အားချမ်းသာပေးကြလော့။သေသောသူတို့ကိုထမြောက်စေကြလော့။ နူသောသူတို့ကို
သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်းနှင်ထုတ်ကြလော့။သင်တို့သည်အဖိုးမပေးဘဲ ကျေးဇူးတော်ကို
ခံရကြပြီဖြစ်၍အဘိုးမခံဘဲပေးကမ်းကြလော့။
၉ ရွှေ၊ ငွေ၊ ကြေး တို့ကိုခါးပန်းထဲ၌မသိုမှီးကြနှင့်။
၁၀ လမ်းခရီးဘို့လွယ်အိတ်၊အင်္ကျီနှစ်ထည်၊ခြေနင်းတောင်းဝှေးကိုမသိုမှီးကြနှင့်။အကြောင်းမူကား၊ လုပ်
ဆောင်သောသူသည်ကျွေးမွေးခြင်းကိုခံထိုက်ပေ၏။

**၁၁** မည်သည့်မြို့၊မည်သည့်ရွာသို့ဝင်လျှင်၊ထိုမြို့ရွာ၌အဘယ်မည်သောသူသည်ထိုက်တန်သနည်း ဟုမေး
မြန်း၍၊ ထိုမြို့ရွာမှမထွက်မသွားမီတိုင်အောင်ထိုသူ၏အိမ်တွင်နေကြလော့။
**၁၂** အိမ်သို့ဝင်သောအခါမင်္ဂလာရှိပါစေသောဟုနှုတ်ဆက်ခြင်းကိုပြုကြလော့။
**၁၃** ထိုအိမ်သည်ထိုက်တန်လျှင်သင်တို့မြွက်သောမင်္ဂလာရောက်စေသတည်း။မထိုက်တန်လျှင် သင်တို့ထံ
သို့ပြန်လာစေသတည်း။
**၁၄** အကြင်သူသည်သင်တို့ကိုလက်မခံ၊သင်တို့၏စကားကိုနားမထောင်ဘဲနေ၏။ထိုသူနေသော အိမ်မှငင်း၊
မြို့မှငင်းထွက်သွားစဉ်၊သင်တို့၏ခြေဘဝါးမှမြေမှုန့်ကိုခါလိုက်ကြလော့။

**ရှင်ယောဟန်ခရစ်ဝင် ၁၂း၉-၁၁ လာဇရု**
**၉** ထိုအရပ်၌ယေရှုရှိတော်မူသည်ကိုယုဒလူများအပေါင်းတို့သည်သိလျှင်၊ ကိုယ်တော်ကြောင့်သာ လာ
သည်မဟုတ်။ သေခြင်းမှထမြောက်စေတော်မူသောလာဇရုကိုမြင်ခြင်းငှါလာကြ၏။
**၁၀** ထိုသို့ယုဒလူများတို့သည်လာဇရုကိုအကြောင်းပြုသဖြင့်ထွက်သွား၍၊
**၁၁** ယေရှုကိုယုံကြည်သောကြောင့်၊ ယဇ်ပုရောဟစ်အကြီးတို့သည်လာဇရုကိုလည်းသတ်ခြင်းငှါ တိုင်ပင်
စီရင်ကြ၏။

**ရှင်မာကုခရစ်ဝင် ၅း၁-၂၀ နတ်ဆိုးစွဲသူတစ်ဦး**
**၁** အိုင်တဘက်၊ဂါဒရပြည်သို့ရောက်ကြ၍၊
**၂** ယေရှုသည်လှေပေါ်ကထွက်ကြွတော်မူသည်ခဏခြင်းတွင်၊ညစ်ညူးသောနတ်စွဲသောသူသည် သင်္ချိုင်းတစ
ပြင်မှထွက်လာ၍ကိုယ်တော်ကိုခရီးဦးကြိုပြုလေ၏။
**၃** ထိုသူသည်သင်္ချိုင်းတစပြင်၌နေတတ်၏။သူ့ကိုသံကြိုးနဲ့ပင်အဘယ်သူမျှချည်၍မနိုင်။
**၄** ခြေချင်းသံကြိုးနှင့်အဖန်များစွာချည်စမ်းသော်လည်း၊သံကြိုးကိုဆွဲဖြတ်၍ခြေချင်းကိုဖြိုတတ်၏။ သူ့ကို
ယဉ်စေခြင်းငှါအဘယ်သူမျှမတတ်နိုင်။
**၅** နေ့ညဉ့်မပြတ်သင်္ချိုင်းတစပြင်၌ငင်း၊တောင်ပေါ်၌ငင်း၊ဟစ်ကြော်လျက်၊ကျောက်စောင်းနှင့် ကိုယ်ကိုရှစေ
လျက်နေတတ်၏။
**၆** ယေရှုကိုအဝေးကမြင်လျှင်၊အထံတော်သို့ပြေးလာ၍ပြပ်ဝပ်လျက်၊
**၇** အမြင့်ဆုံးသောဘုရားသခင်၏သားတော်ယေရှု၊ကိုယ်တော်သည်အကျွန်ုပ်နှင့်အဘယ်သို့ဆိုင် သနည်း။
အကျွန်ုပ်ကိုညှင်းဆဲတော်မမူမည်အကြောင်းဘုရားသခင်ကိုအမှီပြု၍အကျွန်ုပ်တောင်းပန်ပါသည်ဟုကြီးသောအ
သံနှင့်အော်ဟစ်၍လျှောက်လေ၏။
**၈** လျှောက်သည်အကြောင်းကား၊ညစ်ညူးသောနတ်၊ထိုလူမှထွက်သွားလော့ဟုမိန့်တော်မူခဲ့ပြီ။
**၉** ကိုယ်တော်ကလည်း၊သင်သည်အဘယ်အမည်ရှိသနည်းဟုမေးတော်မူလျှင်၊ အကျွန်ုပ်အမည်ကား၊
လေဂေါင်မြစ်ပါ၏။အကျွန်ုပ်တို့သည်အများဖြစ်ကြပါ၏ဟုလျှောက်ပြီးမှ၊
**၁၀** ထိုပြည်ထဲကအခြားသို့မနှင်ပါမည်အကြောင်းများစွာတောင်းပန်လေ၏။
**၁၁** ထိုအရပ်၌တောင်ပေါ်မှာများစွာသောဝက်အစုသည်ကျက်စားလျက်ရှိကြ၏။
**၁၂** နတ်ဆိုးအပေါင်းတို့လည်း၊အကျွန်ုပ်တို့သည်ထိုဝက်ထဲသို့ဝင်ရပါမည်အကြောင်းစေလွှတ်တော် မူပါဟု
တောင်းပန်ပြန်လျှင်၊

၁၃ ယေရှုသည်ချက်ချင်းအခွင့်ပေးတော်မူ၏။ညစ်ညူးသောနတ်တို့သည်ထွက်၍ဝက်ထဲသို့ဝင် သဖြင့်၊ဝက်အစုသည်အိုင်ကမ်းစောက်ကိုတဟုန်တည်းပြေးဆင်း၍အိုင်၌အသက်ဆုံးကြ၏။ အရေအတွက်အားဖြင့်နှစ်ထောင်လောက်ရှိ၏။

၁၄ ဝက်ကျောင်းသောသူတို့သည်ပြေး၍မြို့ရွာတို့၌သိတင်းကိုကြားပြောလျှင်၊လူများတို့သည် ထိုအမှုအရာတို့ကိုကြည့်ရှုအံ့သောငှါထွက်လာကြ၏၏။

၁၅ အထံတော်သို့ရောက်သောအခါ၊နတ်ဆိုးလေဂေါင်စွဲသောသူသည်အဝတ်ကိုဝတ်၍ပကတိစိတ် နှင့်ထိုင်နေသည်ကိုမြင်လျှင်၊ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။

၁၆ နတ်ဆိုးစွဲသောသူ၌၎င်း၊ဝက်တို့၌၎င်း၊အဘယ်သို့ဖြစ်သည်ကိုသိမြင်သောသူတို့သည် နောက်လာသောသူတို့အားပြန်ကြားပြီးမှ၊

၁၇ မိမိတို့ပြည်ကထွက်တော်မူမည်အကြောင်းတောင်းပန်ကြ၏။

၁၈ လှေထဲသို့ဝင်တော်မူသောအခါနတ်ဆိုးစွဲဘူးသောသူသည်ကိုယ်တော်နှင့်အတူပါရှိမည်အကြောင်းတောင်းပန်လျှင်၊

၁၉ ကိုယ်တော်သည်အခွင့်မပေး။သင်သည်ကိုယ့်အိမ်သို့သွားလော့။ ထာဝရဘုရားသည်သနားခြင်း စိတ်တော်နှင့်သင်၌အဘယ်မျှလောက်ကျေးဇူးပြုတော်မူသည်ကိုသင်၏အဆွေအမျိုးတို့အားပြန်ကြားလော့ဟုမိန့်တော်မူလျှင်၊

၂၀ ထိုသူသည်သွား၍၊ယေရှုသည်အဘယ်မျှလောက်ကျေးဇူးပြုတော်မူသည်ကို၊ ဒေကာပေါလိ ပြည်တွင်သိတင်းကြားပြောသည်ဖြစ်၍၊ခပ်သိမ်းသောသူတို့သည်အံ့သြခြင်းရှိကြ၏။

**တမန်တော်ဝတ္ထု ၉း၃၂-၃၅ -အဲနေ**

၃၂ ပေတရုသည်အရပ်ရပ်တို့ကိုလှည့်လည်သည်တွင်သန့်ရှင်းသူတို့ရှိရာလဒ္ဒမြို့သို့ရောက်လာ၏။

၃၃ ထိုအရပ်၌အဲနေအမည်ရှိသောလက်ခြေသေ၍ရှစ်နှစ်ပတ်လုံးအိပ်ရာ၌တုံးလုံးနေသောသူ တယောက်ကိုတွေ့လျှင်၊အဲနေ၊ယေရှုခရစ်သည်သင့်အားချမ်းသာပေးတော်မူ၏။

၃၄ ထ၍အိပ်ယာကိုပြင်လော့ဟုပေတရုဆိုသော်၊ထိုသူသည်ချက်ခြင်းထ၏။

၃၅ လုဒ္ဒမြို့နှင့်ရှာရန်မြို့၌နေသောသူအပေါင်းတို့သည်ထိုသူကိုမြင်၍သခင်ဘုရားထံတော်သို့ ပြောင်းလဲ ကြ၏။

**တမန်တော်ဝတ္ထု ၉း၃၆-၄၂ ဒေါ်ကာ**

၃၆ ယုပ္ပေမြို့၌ဒေါ်ကာဟုဆိုလိုသောတဗိသအမည်ရှိသောတပည့်တော်မတစ်ယောက်ရှိ၏။ ထိုမိန်းမသည်ကောင်းသောအကျင့်၊စွန့်ကြဲခြင်းအကျင့်နှင့်ပြည့်စုံလျက်၊

၃၇ ထိုအခါ၌နာ၍သေလေ၏။အလောင်းကိုရေချိုးပြီးလျှင်အထက်ခန်း၌တင်ထားကြ၏။

၃၈ လုဒ္ဒမြို့သည်ယုပ္ပေမြို့နှင့်နီးသည်ဖြစ်၍ ထိုမြို့၌ပေတရုရှိကြောင်းကိုတပည့်တော်တို့သည် ကြားလျှင်၊ပေတရုသည်အလျင်အမြန်ကြွလာပါမည်အကြောင်းလူနှစ်ယောက်ကိုစေလွှတ်၍တောင်းပန်ကြ၏။

၃၉ ပေတရုသည်ထ၍ထိုသူတို့နှင့်အတူလိုက်လေ၏။ ရောက်လျှင်အထက်ခန်းသို့ခေါ်ပင့်၍ မုတ်ဆိုးမများတို့သည်ငိုကြွေးလျက်၊သူတို့နှင့်အတူဒေါ်ကာရှိစဉ်အခါလုပ်ခဲ့သောအင်္ကျီနှင့်အဝတ် များကိုပြလျက်ရှိကြ၏။

၄၀ ပေတရုသည်ထိုသူအပေါင်းတို့ကိုပြင်သို့ထွက်စေသည်နောက်၊ကိုယ်တိုင်ဒူးထောက်၍ဆု တောင်းပဌနာပြုပြီးလျှင်၊ထိုအလောင်းသို့မျက်နှာလှည့်၍၊တဗိသ၊ထလော့ဟုဆိုလေ၏။ထိုမိန်းမသည်မျက်စိကိုဖွင့်၍ပေတရုကိုမြင်လျှင်ထ၍ထိုင်၏။

၄၁ ပေတရုသည်မိမိလက်ကိုသူ့အားပေး၍ချီကြွပြီးမှ၊သန့်ရှင်းသူတို့နှင့်မုတ်ဆိုးမတို့ကိုခေါ်၍ အသက်ရှင်လျက်ရှိသောထိုမိန်းမကိုပြလေ၏။

၄၂ ထိုအကြောင်းကိုယုပ္ပေမြို့၌အနှံ့အပြားသိကြ၍၊လူများတို့သည်သခင်ဘုရားကိုယုံကြည်ခြင်းသို့ရောက်ကြ၏။

**တမန်တော်ဝတ္ထု ၁၆း၁၁-၁၅ -လုဒိ**

၁၁ ထိုကြောင့်၊တရောမြို့မှသင်္ဘောလွှင့်၍သာမောသရက်ကျွန်းသို့တည့်တည့်သွားသဖြင့်၊ နက်ဖန်နေ့၌နာပေါလိမြို့သို့ရောက်ကြ၏။

၁၂ ထိုမြို့မှထွက်ပြန်လျှင်မင်းမှုလွတ်သောမြို့တည်းဟူသောမာကေဒေါနိပြည်တပိုင်းကိုအစိုးရသောဖိလိပ္ပိမြို့သို့ရောက်၍ကာလအတန်ရောနေကြ၏။

၁၃ ဥပုသ်နေ့၌ငါတို့သည်မြို့ပြင်သို့ထွက်လျှင်၊ပဌနာစရပ်ရှိတတ်ရာမြစ်နားသို့သွား၍ထိုင်ပြီးမှ၊ ထိုအရပ်၌စည်းဝေးသောမိန်းမတို့အားဟောပြောကြ၏။

၁၄ ထိုအခါနီမောင်းသောအထည်အလိပ်ကိုရောင်းသောသွားတိရဲမြို့သူလုဒိအမည်ရှိသောမိန်းမတစ်ယောက်သည်ဘုရားသခင်ကိုကိုးကွယ်သောသူဖြစ်၍၊တရားနာစဉ်တွင်ပေါလုဟောပြောသောအရာကိုမှီဝဲဆည်းကပ်စေခြင်းငှါသူ၏စိတ်နှလုံးကိုသခင်ဘုရားဖွင့်တော်မူ၏။

၁၅ ထိုမိန်းမသည်အိမ်သူအိမ်သားတို့နှင့်တကွဗတ္တိဇံကိုခံပြီးမှ၊ ကျွန်မသည်သခင်ဘုရား၌အမှန် ယုံကြည်သည်ကိုသင်တို့သည်ထင်မှတ်လျှင်၊ကျွန်မအိမ်သို့ဝင်၍နေကြပါဟုတောင်းပန်လျက်ငါတို့ကိုအနိုင်သွေးဆောင်လေ၏။

**တမန်တော်ဝတ္ထု ၁၆း၂၉-၃၄ -ဖိလိပ္ပိမြို့၌ထောင်မှူး**

၂၉ ထောင်မှူးသည်ညှိထွန်းသောမီးကိုတောင်းပြီးမှပြေးဝင်၍၊ပေါလုနှင့်သိလတို့၏ခြေရင်း၌ တုန်လှုပ်လျက်ပြပ်ဝပ်လေ၏။

၃၀ သူတို့ကိုပြင်သို့ထုတ်ပြီးလျှင်လည်း၊သခင်တို့၊အကျွန်ုပ်သည်ကယ်တင်ခြင်းသို့ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်းဟုလျှောက်လေ၏။

၃၁ ထိုသူတို့ကလည်း၊သခင်ယေရှုခရစ်ကိုယုံကြည်လော့။ ယုံကြည်လျှင်သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည်ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်ဟုပြောဆိုလျက်၊

၃၂ ထိုသူမှစ၍သူ၏အိမ်၌ရှိသမျှသောသူတို့အားသခင်ဘုရား၏နှုတ်ကပတ်တရားတော်ကို ဟောကြ၏။

၃၃ ထိုညဥ့်၊ထိုအချိန်နာရီ၌ပင်၊ထောင်မှူးသည်ပေါလုနှင့်သိလတို့ကိုယူ၍ဒဏ်ချက်ရာများကို ဆေးကြောပြီးလျှင်၊ မိမိလူအပေါင်းတို့နှင့်တကွဗတ္တိဇံကိုချက်ချင်းခံလေ၏။

၃၄ တဖန်ပေါလုနှင့်သိလတို့ကိုမိမိအိမ်သို့ခေါ် ပင့်ပြီးမှသူတို့ကိုလုပ်ကျွေး၍၊ဘုရားသခင်ကိုယုံကြည်လျက်အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွဝမ်းမြောက်ခြင်းသို့ရောက်လေ၏။၏

**တမန်တော်ဝတ္ထု ၁၈း၆-၁၁ -ယုတ္တုနှင့်ကရိပ္ပု**

၆ ယုဒလူတို့သည်ငြင်းခုံဆဲရေးခြင်းကိုပြုသည်ရှိသော်၊ပေါလုသည်မိမိအဝတ်ကိုခါလိုက်လျက်၊ သင်တို့၏အသွေးတော်သည်သင်တို့၏ခေါင်းပေါ် ၌တည်စေ။ငါမူကားကင်းလွတ်၏။ယခုမှစ၍တပါးအမျိုးသားတို့ဆီသို့သွားမည်ဟုဆိုပြီးလျှင်၊

၇ ထိုအရပ်မှထွက်၍ဘုရားသခင်ကိုကိုးကွယ်သောယုတ္တုအမည်ရှိသောသူ၏အိမ်သို့သွား၏။ ထိုအိမ်သည်တရားစရပ်နှင့်စပ်လျက်ရှိသတည်း။

၈ ကရိပ္ပုအမည်ရှိသောတရားစရပ်မှူးသည်မိမိအိမ်သူအိမ်သားအပေါင်းတို့နှင့်တကွသခင်ဘုရားကို ယုံကြည်လေ၏။ ကောရိန္တုပြည်သားအများတို့သည်လည်းယုံကြည်၍၊ ဗတ္တိဇံကိုခံကြ၏။

၉ ညဥ့်အခါသခင်ဘုရားသည်ပေါလုအားဗျာဒိတ်ရူပါရုံကိုပြ၍၊သင်သည်မကြောက်နှင့်။တိတ်ဆိတ် မနေနှင့်။ဟောပြောလော့။

၁၀ ငါသည်သင်နှင့်အတူရှိ၏။သင့်ကိုညှင်းဆဲခြင်းငှါအဘယ်သူမျှအနိုင်အထက်မပြုရ၊ဤမြို့၌ငါ၏ လူအများရှိကြသည်ဟုမိန့်တော်မူ၏။

၁၁ ပေါလုသည်ထိုမြို့သူမြို့သားတို့အားဘုရားသခင်၏နှုတ်ကပတ်တော်တရားတော်ကိုဟောပြောသွန်သင်၍နှစ်နှင့်ခြောက်လပတ်လုံးနေလေ၏။